# THE Express Times



# MEDIA Kit 2011-2012

THE EXPRESS TIMES

VOICE OF THE FUTURE

No.200, West Shwegondaing 5th Street, Bahan Township, Yangon, Myanmar.
Tel: +95-1-374 165 e-mail : expresstimesmm@gmail.com Website: www.expresstimesmm.com


Full Page
14″ x 10″
1/4 Pg
7″ x 5″
7″ x 2 Col
7″ x 3.2″
2″ x 2 Col
2″ x 3.2″
⅔ Page
14″ x 6.6″
5″ x 6 Col
5″ x 10″
5″ x 2 Col
5″ x 3.2″
4″ x 1 Col
4″ x 1.55″
Half Page
7″ x 10″
3″ x 6 Col
3″ x 10″
3″ x 3 Col
3″ x 5″
1.5″ x 2 Col
1.5″ x 3.2″
⅓ Page
14″ x 3.2″
2″ x 6 Col
2″ x 10″
3″ x 2 Col
3″ x 3.2″
3″ x 1 Col
3″ x 1.55″

# ကျွန်ုပ်တို့၏ အနာဂတ်

ကျွန်ုပ်တို့အနေဖြင့် ပုံနှိပ်မီဒီယာကဏ္ဍသို့ ဝင်ရောက်လာခြင်းမှာ ကျွန်ုပ်တို့၏ ပထမဦးဆုံးခြေလှမ်းမျှသာဖြစ်သည်။ ယင်းပထမဆုံး ခြေလှမ်းနှင့် တစ်ဆက်တည်းပင် ဒီဂျစ်တယ်မီဒီယာနယ်ပယ်သို့ပါ တစ်ပြိုင်နက်တည်း ဝင်ရောက်ထိုးဖောက်မည်ဖြစ်ရာ ကျွန်ုပ်တို့၏ ကြိုးစားအားထုတ်မှုများကို Website စာမျက်နှာတွင် အချိန်မဆိုင်းဖတ်ရှုနိုင်ဦးမည်ဖြစ်သည်။ ထို့ပြင် မိုဘိုင်းလ် ဆက်သွယ်ရေးကွန်ယက်တိုးတက်လျက်ရှိသောအချိန်တွင် ကျွန်ုပ်တို့၏ အဖိုးတန် သတင်းအချက်အလက်များကို မိုဘိုင်းလ်ကွန်ယက်အတွင်းမှ အဆက်မပြတ်လေ့လာကြည့်ရှုနိုင်ရန်လည်း ဖြည့်စွမ်းပေးမည်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့ဂျာနယ်တွင် ထည့်သွင်းသည့် ကြော်ငြာများကို ပုံနှိပ်စာမျက်နှာများတွင် ရှုစားနိုင်ရုံသာမက နောက်ဆုံးပေါ်နည်းပညာ ထုတ်ကုန်များဖြစ်သည့် website, iPad, iPhone နှင့် Android ဖုန်းများပေါ်တွင်လည်း သတင်းစာမျက်နှာများနှင့်အတူ ရှုစားနိုင်မည်ဖြစ်သည်။

နိုင်ငံတကာတွင် ပုံနှိပ်မီဒီယာထက် ပိုမိုဖွံ့ဖြိုးတိုးတက်နေသော အီလက်ထရွန်နစ်မီဒီယာကဏ္ဍသည် မြန်မာနိုင်ငံတွင် ယခုမှစတင်နိုင်သည့်အခြေအနေတွင် ကျွန်ုပ်တို့က ရှေ့ဆုံးမှ ဦးဆောင်နိုင်ရန် မျှော်မှန်းထားရာ ရုပ်/သံ မီဒီယာလုပ်ငန်းကိုလည်း အနာဂတ် ရည်မှန်းချက်တစ်ခုအဖြစ် ထားရှိပါသည်။










# ယုံကြည်စိတ်ချ အိမ်ခြံမြေကဏ္ဍ

မြန်မာ့စီးပွားရေး နယ်ပယ်တွင် အရှိန်အဟုန်ဖြင့် ပြောင်းလဲနေသော အိမ်ခြံမြေကဏ္ဍအတွင်း ဖြစ်ပေါ်နေသော သတင်းများကို စာဖတ်သူများထံသို့ အချိန်မဆိုင်းဖော်ပြပေးသွားမည်ဖြစ်သည်။ ပြည်တွင်း အိမ်ခြံမြေဈေးကွက်ကို လေ့လာဆန်းစစ်နိုင်ရန်နှင့် မှန်ကန်တိကျသော ရင်းနှီးမြှုပ်နှံမှုအတွက် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် အိမ်ခြံမြေစီးပွားရေးကဏ္ဍကို ဦးဆောင်နေသူများနှင့် တွေ့ဆုံမေးမြန်းခန်းများ၊ ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်၏ တစ်စတုရန်းပေခန့်မှန်းခြေဈေးနှုန်းများကိုလည်း ပြည်တွင်းတွင် ရင်းနှီးမြှုပ်နှံမှုများ မှန်မှန်ကန်ကန်ပြုလုပ်နိုင်ရန် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်သည်။ ပြည်တွင်းတွင် ရင်းနှီးမြှုပ်နှံမှုများလုပ်ရာတွင် နှိုင်းယှဉ်လေ့လာဆုံးဖြတ်နိုင်ရန်အတွက် နိုင်ငံတကာတွင် ဖြစ်ပေါ်နေသော အိမ်ခြံမြေရေးရာသတင်းများကိုလည်း ဖတ်ရှုနိုင်မည်ဖြစ်သည်။ ထို့ပြင် စာဖတ်သူတို့ အကျိုးရှိစေမည့် အိမ်အလှဆင်ခြင်း၊ ပြင်ဆင်ခြင်းစသည့် အခြားစိတ်ဝင်စားဖွယ်ရာ အစီအစဉ်များကိုလည်း အလျဉ်းသင့်သလို ဖော်ပြပေးသွားမည်ဖြစ်သည်။




# ရသပြည့်ဝ ဖျော်ဖြေမှုကဏ္ဍ

ဝါရင့်စာရေးဆရာကြီးများ၏ သရော်စာများ၊ ဟာသများ၊ အနုပညာသတင်းများ၊ ဈေးဝယ်လမ်းညွှန်၊ ပစ္စည်းသစ်မိတ်ဆက်များ၊ လူတော်၊ လူမော်တို့၏ ဘဝဇာတ်ကြောင်းများ၊ ဘဝ ရသဇာတ်လမ်းများပါဝင်သည့် Life & Style ကဏ္ဍသည် ကျွန်ုပ်တို့၏စာဖတ်ပရိသတ်ကို ဖျော်ဖြေမှုရသ အပြည့်အဝ ပေးစွမ်းမည်ဖြစ်သည်။

လှုပ်လှုပ်ရှားရှား အားကစားတွင်လည်း အားကစားပရိတ်သတ်အတွက် သတင်းထူး၊ သတင်းဦးများဖြင့် ဝေဝေဆာဆာဖြည့်စွက်ပေးနိုင်ရန်ရည်မှန်းထားပါသည်။



# စာဖတ်သူတို့အတွက် အကျိုးအရှိဆုံး ကျွန်ုပ်တို့၏ ပုံရိပ်

စီးပွားရေးအသိုက်အဝန်းမှ ပညာရှင်များ၊စီးပွားရေးလုပ်ငန်းရှင်များ လက်မလွှတ်တမ်းစောင့်ကြည့်လေ့လာဖတ်ရှုရသော၊ လက်စွဲစာစောင်တစ်ခုအဖြစ် ရည်မှန်းထားသည့်ကျွန်ုပ်တို့၏ ပုံရိပ်မျက်နှာစာဖြစ်သော Business ကဏ္ဍနှင့် Market Watch ကဏ္ဍတို့တွင် အမှန်ကန်ဆုံး၊ အတိကျဆုံးနှင့်အခိုင်မာဆုံးသော သတင်းအချက်အလက်များ၊ အကိုးအကားများကို ထည့်သွင်းဖော်ပြမည်ဖြစ်ရာ မြန်မာ့စီးပွားရေးနယ်ပယ်ကို စိတ်ဝင်စားသူအားလုံးအတွက် အကျိုးရှိစိတ်ဝင်စားဖွယ်ရာဖြစ်မည်ဟု အာမခံချက် အပြည့်အဝပေးနိုင်ပါသည်။

Business ကဏ္ဍတွင် စီးပွားရေးလုပ်ငန်းရှင်များ သတိပြုစောင့်ကြည့်ရမည့် စီးပွားရေးဆိုင်ရာမူဝါဒများနှင့် အစိုးရ၏ ဈေးကွက်စီးပွားရေးစစ်စစ်သို့ အသွင်ကူးပြောင်းရေး ဆောင်ရွက်ချက်များကို မျက်ခြေမပြတ်စောင့်ကြည့်လေ့လာထားသော သတင်းအချက်အလက်များ၊ လေ့လာသုံးသပ်ချက်များ၊ စစ်တမ်းများကို အချိန်နှင့်တစ်ပြေးညီဖော်ပြသွားမည်ဖြစ်သည်။

ထို့အတူ Market Watch ကဏ္ဍတွင်လည်း နိုင်ငံတကာငွေကြေးဈေးကွက်၊ လောင်စာဆီဈေးကွက်၊မော်တော်ယာဉ်ဈေးကွက်၊ ရွှေဈေးကွက်များအပြင် ပို့ကုန်သွင်းကုန်ဈေးကွက်သီးသီး၏ နိုင်ငံတကာနှင့်ယှဉ်သော အပြောင်းအလဲများ၊ ပြည်တွင်းဈေးကွက်အတွင်း ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများကို မှန်မှန်ကန်ကန်၊ တိတိကျကျနှင့် မြန်မြန်ဆန်ဆန်ဖော်ပြပေးစွမ်းသွားမည်ဖြစ်သည်။





# ကျွန်ုပ်တို့၏ မြင်ကွင်းကျယ်

ကျွန်ုပ်တို့စာစောင်တွင် အပတ်စဉ်ထည့်သွင်းမည့် မျက်နှာဖုံးဆောင်းပါးနှင့် မြင်ကွင်းကျယ် သုံးသပ်ချက်တို့သည် ကျွန်ုပ်တို့၏ ရပ်တည်ချက်၊ ခံယူချက်၊ နိုင်ငံနှင့်နိုင်ငံသားတို့အပေါ်ထားရှိသော စေတနာတို့ကို မြင်သာစေလိမ့်မည်ဟု ယုံကြည်ပါသည်။

ဂုဏ်သိက္ခာရှိသော သတင်းစာစောင်ကြီးတစ်ခုအဖြစ် ရပ်တည်မည်ဖြစ်ကြောင်း ပြသနိုင်ရန် မှန်ကန်သောအချက်အလက်၊ ကိန်းဂဏန်းများ၊ အထောက်အထားများ၊ ရှေ့ပြေးသုံးသပ်ချက်များ ပါဝင်သော မျက်နှာဖုံးဆောင်းပါးများဖြင့် သက်သေပြပါမည်။

ကျွန်ုပ်တို့ ရွေးချယ်ထားသော အတွေ့အကြုံရင့် အယ်ဒီတာများ၊ သတင်းထောက်များ၏ စနစ်တကျလေ့လာသုံးသပ်ချက်များ ထည့်သွင်းဖော်ပြထားသည့် Reivew ကဏ္ဍသည် ကျွန်ုပ်တို့၏ ရှေ့ကိုကြိုမြင်တတ်သော အရည်အချင်းများနှင့် ပြည့်စုံမှုကို လက်ငင်းမြင်တွေ့နိုင်ပေလိမ့်မည်။ ထို့ပြင် ယင်းကဏ္ဍတွင် ပါဝင်မည့် ပညာရှင်များ၏ အတွေးအမြင်၊ ဗဟုသုတများ၊ ခန့်မှန်းသုံးသပ်ချက်များ၏ ပံ့ပိုးမှုကလည်း ယင်းကဏ္ဍ၏ အားကောင်းမှုကို သိသာထင်ရှားစေပါမည်။

# နိုင်ငံအနံ့က သတင်းတွေကို သိချင်သူတွေအတွက်

Home Affairs ကဏ္ဍနှင့် Regional ကဏ္ဍတို့တွင် မြန်မာတစ်နိုင်ငံလုံး၌ ဖြစ်ပျက်နေသည့် လူကြီးမင်းတို့ သိလိုသော နောက်ဆုံးရ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာသတင်းများကို အချိန်နှင့်တပြေးညီဖော်ပြပေးသွားမည်ဖြစ်ပြီး လူကြီးမင်းတို့၏လုပ်ငန်းများအတွက် လိုအပ်သည့် သတင်းအချက်အလက်များကို အမှန်တကယ် ပေးစွမ်းနိုင်ရန်အတွက်ကို ကျွန်ုပ်တို့၏ The Express Times က ကြိုးစား ပေးသွားမည်။

မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်လျက်ရှိရာ လွတ်လပ်သောဈေးကွက်တွင် နေရာစုံ၊ ဒေသစုံမှ သတင်းအချက်အလက်များသည် စာဖတ်သူ၏ စီးပွားရေးလုပ်ငန်းအတွက် မလွဲမသေလိုအပ်မည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှ သတင်းအချက်အလက်များကို The Express Times ၏ Regional ကဏ္ဍတွင် ဖော်ပြပေးသွားမည်ဖြစ်သည်။ ယင်းကဏ္ဍများတွင် မြန်မာနိုင်ငံ၏ အနယ်နယ်အရပ်ရပ်မှ ဒေသခံများ၏ စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် အခြားသော လူမှုရေးဆိုင်ရာ သတင်းမျိုးစုံကို ဖော်ပြသွားမည်ဖြစ်သည်။

မီးခိုးတိတ်ဝင်ငွေရသော ခရီးသွားလုပ်ငန်းသည် နိုင်ငံအတွက် အရေးပါလှကြောင်း သိမြင်သော ကျွန်ုပ်တို့သည် ခရီးစဉ်အချိန် ဇယားများကိုပါ လမ်းညွှန်တစ်ခုသဖွယ် အသုံးပြုနိုင်မည့် ခရီးသွားလုပ်ငန်းကဏ္ဍကိုလည်း အစိတ်အပိုင်းတစ်ရပ်အဖြစ် ထည့်သွင်း ဖော်ပြထားသည်။ ထို့ပြင် ခရီးသွားလုပ်ငန်းနယ်ပယ်၊ အလှအသီးသီးမှ နောက်ဆုံးရသတင်းများကိုလည်း အချိန်နှင့်တပြေးညီ ဖော်ပြပေး စွမ်းမည်ဖြစ်သည်။



# စာဖတ်သူများအတွက် ကတိစကား

The Express Times သတင်းစာစောင်ကို ပြည်သူလူထုအကျိုးစီးပွားနှင့် နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာ ရှေးရှု၍ ထုတ်ဝေခြင်းဖြစ်ရာ ယင်းရပ်တည်ချက်အတိုင်း မယိမ်းမယိုင် ဦးလည်မသုန်ထမ်းရွက်သွားမည်ဖြစ်ကြောင်းကတိပြုပါသည်။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုညွှန်ကိန်းများအနက် စီးပွားရေးဆိုင်ရာအညွှန်းကိန်း ဂဏန်းများမှာ အရေးကြီးသော အစိတ်အပိုင်းတစ်ရပ်ဖြစ်ရာ စီးပွားရေးကို အဓိကဖောင်းပေး ရေးသားတင်ပြမည်ဖြစ်သော ကျွန်ုပ်တို့သည်နိုင်ငံ၏ အကျိုးစီးပွားဖွံ့ဖြိုးရေး၊ နိုင်ငံသားတို့၏ စီးပွားရေးဆိုင်ရာအတွက် တစ်စုံတစ်ခုသော အတိုင်းအတာအထိ အကျိုးပြုနိုင်သော သတင်းအချက်အလက်၊ သုံးသပ်ချက်များကို ပေးစွမ်းနိုင်ရန် အစွမ်းကုန်အားထုတ်ကြိုးပမ်း သွားမည်ဖြစ်ကြောင်း ကတိပြုပါသည်။ကျွန်ုပ်တို့၏ ကျွမ်းကျင်စွာ ကျယ်ကျယ်ပြန့်ပြန့် သုံးသပ် တင်ဆက်မှုများကိုပုံနှိပ်မီဒီယာတွင် စာဖတ်ပရိသတ်ပေါင်းတစ်သိန်းခန့်က အပတ်စဉ်အားပေး ဖတ်ရှုကြမည်ဖြစ်သကဲ့သို့ Website, iPad, iPhone နှင့် Android ဖုန်းများမှတစ်ဆင့် မြန်မာနိုင်ငံရှိ စာဖတ်ပရိသတ်များသာမက ကမ္ဘာတစ်ဝှန်းလုံးရှိစာဖတ်ပရိသတ် များကလည်း မြန်မာနိုင်ငံ၏ပြောင်းလဲဖြစ်ပေါ်တိုးတက်မှုများကို ဖတ်ရှုလေ့လာခွင့်ရရှိ မည်ဖြစ်ပါသည်။



# လေ့လာဖို့ရာ နိုင်ငံတကာ

ကမ္ဘာနှင့်တစ်ဝှမ်း စိတ်ဝင်စားနေသော ဖြစ်ရပ်များ၊ ဖြစ်စဉ်များ၊ သတင်းဦး၊ သတင်းထူးများအချိန်နှင့်မဆိုင်း ဖော်ပြသွားမည့် နိုင်ငံတကာကဏ္ဍသည်လည်း စာဖတ်ပရိသတ်တို့ကို ရသတစ်မျိုးပေးစွမ်းနိုင်မည်ဟု ယုံကြည်မျှော်လင့်ထားပါသည်။

ထို့ပြင် ကမ္ဘာ့စီးပွားရေးဆိုင်ရာဆောင်းပါးများကိုလည်း အလျဉ်းသင့်သလို ဖော်ပြပေးစွမ်းသွားမည်ဖြစ်ရာ ဗဟုသုတရစေရန်သာမက စီးပွားရေးလုပ်ငန်းရှင်တို့အတွက် နမူနာယူစရာ၊ ဆင်ခြင်စရာ၊ ပြင်ဆင်စရာအဖုံဖုံကို ပေးစွမ်းနိုင်မည်ဖြစ်သည်။

# ယုံကြည်စွာ ကြော်ငြာလိုက်ပါ

The Express Times သတင်းစာစောင်ကို မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူလူထု၏ အကျိုးစီးပွားအလို့ငှာ အဓိက ရည်ရွယ်ထုတ်ဝေခြင်းဖြစ်သည့်အပြင် မြန်မာ့မီဒီယာလောကကိုလည်း တစ်တပ်တစ်အား အထောက်အကူပြုစေရန် ရည်ရွယ်ပါသည်။

နိုင်ငံအတွင်းဖြစ်ပေါ်နေသော အပြောင်းအလဲများ၊ ထူးခြားဖြစ်စဉ်များ၊ ဖြစ်ရပ်များသာမက ကမ္ဘာနှင့်တစ်ဝှမ်းဖြစ်ပေါ်နေသော စီးပွားရေးသတင်း အချက်အလက်များနှင့် ဝေဖန်သုံးသပ်ချက်များကို စာဖတ်သူများထံသို့ အချိန်နှင့်တပြေးညီတင်ဆက်ပြီး စာဖတ်သူတို့၏ ယုံကြည်ကိုးစားမှုကို အပြည့်အဝရရှိနိုင်မည်ဟုလည်း ခံယူထားပါသည်။

မိမိတို့ သတင်းစာစောင်အနေဖြင့် မှန်ကန်တိကျခိုင်မာသော စီးပွားရေးသတင်းအချက်အလက်များ၊ ရှေ့ပြေးသုံးသပ်ချက်များဖြင့် စီးပွားရေးလုပ်ငန်းရှင်များအတွက်လက်စွဲစာစောင်တစ်ခုအဖြစ် အားထားရလာသည်အထိ ဖြစ်လာစေရန် အဖက်ဖက်မှပြင်ဆင်တည် ဆောက်ထားပါသည်။ ထို့ပြင် စာဖတ်ပရိသတ်များ လိုလားတောင့်တသော သတင်းအချက်အလက်အမျိုးမျိုးနှင့် ဖျော်ဖြေရေးရသတို့ကို လည်း အပြည့်ဝဆုံးပြင်ဆင်ပေးနိုင်သည့် တစ်ခုတည်းသော စီးပွားရေးသတင်းစာစောင်ဖြစ်လာစေရမည်။



ထို့ကြောင့် ကျွန်ုပ်တို့၏ ကြော်ငြာရှင်များအနေဖြင့် မိမိတို့ ထုတ်ကုန်ပစ္စည်းများ၏ သတင်းအချက်အလက်များကို မိမိတို့ ရည်မှန်းထားသော အဓိကဝယ်ယူသူလူတန်းစားအသီးသီးထံသို့ ဖြန့်ကျက်ရောက်ရှိစေရန် ကျွန်ုပ်တို့ The Express Times သတင်းစာစောင်မှတစ်ဆင့် ယုံယုံကြည်ကြည် ထိုးဖောက်ကြော်ငြာနိုင်ပါသည်။

သင့်ကြော်ငြာပါ အချက်အလက်များသည် ကျွန်ုပ်တို့စာစောင်များမှတစ်ဆင့် ပြည်သူလူထုထံသို့ ပြန့်နှံ့စေမည့်အပြင် ကျွန်ုပ်တို့၏ တရားဝင် Website, iPad, iPhone နှင့် Android application များမှတဆင့်လည်း နိုင်ငံတကာရှိ စားသုံးသူ၊ စာဖတ်သူများနှင့် သင့်ကုန်ပစ္စည်း၏ ဖောက်သည်အသစ်များ ဖြစ်လာမည့်သူများထံသို့ အချိန်နှင့် တပြေးညီရောက်ရှိစေမည်ကို ခိုင်မာသောအာမခံချက်အဖြစ် ပေးစွမ်းနိုင်ပါသည်။

သင့်ကြော်ငြာအတွက် သုံးစွဲသည့် ငွေကြေးတန်ဖိုးကို ထိရောက်စွာ အသုံးချနိုင်ရန် အခြားမီဒီယာများတွင် ပေးရသည့် ကြော်ငြာနှုန်းထားများနှင့် နှိုင်းယှဉ်လျှင် သင့်တင့်သော ကုန်ကျစရိတ်ကိုသာ သုံးစွဲရမည်ဖြစ်သည်။

ဈေးကွက်အခွင့်အလမ်း၊ အခြေအနေ၊ အပြောင်းအလဲတို့နှင့် အပတ်စဉ်ဖြစ်ပေါ်နေသော သတင်းနှင့် ဖြစ်စဉ်များကို အချိန်နှင့် တစ်ပြေးညီဖော်ပြနေမည့်အပြင် စီးပွားရေးကဏ္ဍအလိုက် သုံးသပ်ချက်ဆောင်းပါးများကိုလည်း အပတ်စဉ် ထည့်သွင်းထားသဖြင့် သင်တို့၏ ကြော်ငြာအစီအစဉ်ကို ထိရောက်အောင်မြင်စေပြီး ရလဒ်ကောင်းများ ရရှိစေပါမည်။

မိမိတို့ ကြော်ငြာလိုသည့် ကုန်ပစ္စည်းများနှင့် ကိုက်ညီသော ကဏ္ဍများကို စိစစ်ရွေးချယ်ထည့်သွင်းပေးရန် စီစဉ်ထားသည့်အတွက် ပိုမိုထိရောက်သည့် ရလဒ်ကို မြင်တွေ့ခံစားရမည်ဖြစ်ပါသည်။

အချိန်ရာသီအလိုက် ကိုက်ညီသော အထူးထုတ်အချပ်ပိုများ၊ စီးပွားရေးအပြောင်းအလဲများကို စောင့်ကြည့်တွက်ချက် ဖော်ပြသည့် အထူးထုတ်အချပ်ပိုများကို လစဉ်ထည့်သွင်းထုတ်ဝေမည်ဖြစ်ပါ၍ ကြော်ငြာရှင်များအနေဖြင့် မိမိတို့နှင့် ကိုက်ညီသော ကဏ္ဍပါရှိသည့် အထူးထုတ် အချပ်ပိုများတွင် ကြော်ငြာခြင်းဖြင့်လည်း တိုက်ရိုက်အကျိုးသက်ရောက်မှုကို ရရှိစေနိုင်မည်ဖြစ်ပါသည်။

# THE Express Times

Voice of the future

နှစ်ပေါင်းရာဂဏန်းမျှသက်တမ်းရှိနေသော သတင်းမီဒီယာနယ်ပယ်အတွင်း အတက်အကျအပြောင်းအလဲများစွာဖြစ်ပေါ်ခဲ့ပြီး နှစ်ကာလများစွာ နောက်ကျကျန်ခဲ့ရာမှ ပြီးခဲ့သည့် ဆယ်စုနှစ်တစ်စုအတွင်းမှ အရှိန်အဟုန်နှင့် ပြန်လည်နိုးထလာသည်ဟု ဆိုရပေမည်။

သတင်းမီဒီယာနယ်ပယ်အတွင်းအတွေ့အကြုံငါးနှစ်မှ ၁၀ နှစ်အကြားရှိလူငယ်အယ်ဒီတာများ၊ လူငယ်သတင်းထောက်များဖြင့် စုစည်းထားသည့် ကျွန်ုပ်တို့အနေဖြင့် လျင်မြန်ဖျတ်လတ်မှုတစ်ခုတည်းသာမက သတင်းမီဒီယာ ပြန်လည်နိုးထလာသည့် ခေတ်အခါ ကောင်းကို မိခဲ့သည့်အတွက် အတွေ့အကြုံနှင့် ရင့်ကျက်မှုကလည်း ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်များကို အကောင်းမွန်ဆုံးအနေအထားသို့ ရောက်ရှိစေလိမ့်မည်ဟု ယုံကြည်မျှော်လင့်ထားပါသည်။ ထို့အပြင် ပုံနှိပ်မီဒီယာတွင်သာမက အီလက်ထရွန်နစ်မီဒီယာပိုင်းတွင်ပါ ပိုင်ဆိုင်ရရှိထားသည့် ကျွန်ုပ်တို့၏ စွမ်းရည်ကြွယ်ဝမှုများကလည်း သင့်ထုတ်ကုန်ကို စားသုံးသူများအကြားတွင် ထိထိရောက်ရောက်ပြန့်နှံ့သိရှိစေရန်ကူညီနိုင်ရုံသာမက သင့်ထုတ်ကုန်၏ပုံရိပ်ကို မြှင့်တင်နိုင်ရန်လည်း အထောက်အကူပြုပေးနိုင်မည်ဖြစ်ပါသည်။



## Artwork

| | |
|---|---|
| Formats : | Indesign .EPS |
| | PDF Photoshop TIFF |
| Resolution: 300 dpi | |
| Colour : | CMYK |

## Loading Fees

| | |
|---|---|
| Front Page | 25% |
| Page-2 | 10% |
| Page-3 | 15% |
| Lead Page | 10% |
| Back Page | 15% |

## Discount

| | |
|---|---|
| 6 times contract | 5% Discount |
| 13 times | 10% Discount |
| 26 times | 15% Discount |
| 52 times | 20% Discount |

### Price For Other Sizes

| |
|---|
| 1″ x 1 Col (4C) 6000 Kyats |
| 1″ x 1 Col (1C) 3000 Kyats |

| Adv Size | Height (Inches) | Width (Inches) | 4C Kyats | 1C Kyats |
|---|---|---|---|---|
| Full Page | 14" | 10" | 800,000 | 300,000 |
| ⅔ Page | 14" | 6.6" | 560,000 | 231,000 |
| Half Page | 7" | 10" | 400,000 | 175,000 |
| ⅓ Page | 14" | 3.2" | 270,000 | 112,000 |
| 1/4 Page | 7" | 5" | 200,000 | 87,500 |
| 5" x 6 Col | 5" | 10" | 300,000 | 125,000 |
| 3" x 6 Col | 3" | 10" | 170,000 | 75,000 |
| 2" x 6 Col | 2" | 10" | 120,000 | 50,000 |
| 7" x 2 Col | 7" | 3.2" | 135,000 | 56,000 |
| 5" x 2 Col | 5" | 3.2" | 100,000 | 40,000 |
| 3" x 3 Col | 3" | 5" | 85,000 | 37,500 |
| 3" x 2 Col | 3" | 3.2" | 60,000 | 24,000 |
| 2" x 2 Col / 4" x 1Col | 2" | 3.2" | 40,000 | 16,000 |
| 1.5" x 2 Col | 1.5" | 3.2" | 30,000 | 12,000 |
| 3" x 1 Col | 3" | 1.55" | 18,000 | 11,625 |


CONTACT NOW!
THE Express Times
No.200, West Shwegondaing 5th Street, Bahan Township, Yangon, Myanmar Tel: +95-1-374 165
e-mail : expresstimesmm@gmail.com Website: www.expresstimesmm.com